အမေရိကန်တရားရေးဌာန
ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို (FBI)

# ခြိမ်းခြောက်မှုနှင့်ချောက်လှန့်မှုဆိုင်ရာ တုံ့ပြန်မှုလမ်းညွှန်

## လူကိုယ်တိုင် ခြိမ်းခြောက်မှုများ

**ကိုယ်ထိလက်ရောက်ခြိမ်းခြောက်မှုဆိုသည်မှာရင်းခြိမ်းခြောက်သူပုဂ္ဂိုလ်နှင့်နီးကပ်နေခြင်းကြောင့်သင့်အပေါ်ကျရောက်အံ့ဆဲဆဲရှိသောအန္တရာယ်ဖြစ်သည်။ သင်ရွေးချယ်ရမည့်အချက်သုံးချက်မှာ-**

1. **ပြေးရန်-** လွတ်မြောက်ရေးလမ်းကြောင်းကိုရှာဖွေပါ။ သင့်ကိုနှောင့်နှေးစေမည့်ပစ္စည်းများကိုလက်လွှတ်ချန်ထားပါ။ ဖြစ်နိုင်လျှင်၊ တခြားသူများလွတ်ရာလွတ်ကြောင်းကိုကူညီပါ။ ၉၁၁ ခေါ်ပါ။
2. **ပုန်းရန်-** အန္တရာယ်ရှိနေသောမြင်ကွင်းမှ ပုန်းရှောင်ပါ။ တံခါးများသော့ခတ်ခြင်းသို့မဟုတ်အဝင်လမ်းများပိတ်ဆို့ခြင်းများပြုလုပ်ပါ။ သင့်ဖုန်းကို(တုန်ခါမှုမုဒ်အပါအဝင်)အသံတိတ်ထားပြီးအန္တရာယ်ကျော်လွန်သည့်အထိငြိမ်သက်စွာနေပါ။
1. **တိုက်ခိုက်ရန်-** သင့်အသက်အန္တရာယ်ကျရောက်အံ့ဆဲအချိန်မှသာလျှင်တိုက်ခိုက်ခြင်းကိုနောက်ဆုံးထား၍ရွေးချယ်ရမည့်နည်းလမ်းဖြစ်သင့်သည်။အန္တရာယ်စွမ်းအင်ဖြေလျှော့သည့်အထိကြိုးပမ်းပါ။တတ်နိုင်သမျှကိုထိလက်ရောက်ခုခံစွမ်းအားကိုအသုံးပြုပါ။

**နှုတ်ဖြင့်ခြိမ်းခြောက်ခြင်းဆိုသည်မှာခြိမ်းခြောက်ခံရသူအားချက်ချင်းအန္တရာယ်မဖြစ်စေသောအရာသို့မဟုတ်နောက်ပိုင်းမှလုပ်ဆောင်ရန်ရည်ရွယ်ထားသောအရာဖြစ်သည်။**

- ခြိမ်းခြောက်မှုအားပြောသည့်အတိုင်းအတိအကျရေးမှတ်ခြင်းသို့မဟုတ်အသံမ်းထားခြင်းလုပ်ဆောင်ပါ။
- ယင်းခြိမ်းခြောက်မှုကိုပြုလုပ်ခဲ့သောပုဂ္ဂိုလ်နှင့်ပတ်သက်သည့်အသေးစိတ်အကြောင်းအရာများစွာ-အမည်၊ အသွင်အပြင်၊ အသားအရောင်၊ ကျား/မ၊ အရပ်၊ ကိုယ်အလေးချိန်၊ ဆံပင်နှင့်မျက်လုံးအရောင်၊ အသံ၊ ဝတ်စားဆင်ရင်မှု နှင့် ပေါ်လွင်ထင်ရှားသောရုပ်သွင်အစရှိသည်တို့ကိုတတ်နိုင်သမျှမှတ်တမ်းတင်ထားပါ။.
- ခြိမ်းခြောက်မှုကိုသက်ဆိုင်ရာဥပဒေစိုးမိုးရေးသို့တိုင်ကြားပါ။.

## ဖုန်းဖြင့် ခြိမ်းခြောက်ခြင်း

**ဖုန်းဖြင့်ခြိမ်းခြောက်ခြင်းသည်တယ်လီဖုန်းဖြင့်လက်ခံရရှိသောခြိမ်းခြောက်မှုဖြစ်သည်။ခြိမ်းခြောက်မှုသည်မိမိနှင့်အနီးနားတွင်မဟုတ်လျှင် သို့မဟုတ် သင်နှင့်အခြားသူများအတွက်ဖြစ်အံ့ဆဲအန္တရာယ်သင့်နိုင်ခြင်းမရှိလျှင်၊ဖုန်းခေါ်သူ၏အကြောင်းအရာနှင့်ခြိမ်းခြောက်မှုတို့ကိုတတ်နိုင်သ၍သင်ရယူထားသင့်သည်။**

- ဖုန်းမချဘဲစိတ်အေးအေးထားပြီးနေပါ။
- ဖုန်းခေါ်သူအားတတ်နိုင်သမျှအချိန်ဆွဲထားပြီး၊ အဆိုပါခြိမ်းခြောက်မှုသည်တိကျသော၊ လက်တွေ့ကျသော၊ သို့မဟုတ်သင်နှင့်အခြားသူများကိုလတ်တလောအန္တရာယ်ပြုနိုင်ခြင်းရှိမရှိကိုသုံးသပ်ရန်ကြိုးစား၍ အချက်အလက်များတောင်းဆိုပါ။
- ဖြစ်နိုင်ပါက၊ အနီးနားရှိအခြားသူများအားနားထောင်နိုင်အချက်ပြပြီးတရားဥပဒေစိုးမိုးရေးကိုပါအကြောင်းကြားပါ။
- ဖုန်းမျက်နှာပြင်မှပေါ်လာသည့်မည်သည့်အချက်အလက်ကိုမဆိုကူးယူပါ။
- ခြိမ်းခြောက်မှုဆိုင်ရာစကားလုံးအတိအကျကိုရေးမှတ်ပါ။.
- ဖုန်းခေါ်ဆိုမှုကိုဖြစ်နိုင်လျှင်အသံဖမ်းထားပါ။
- သက်ဆိုင်ရာဥပဒေအရာရှိများနှင့်အသေးစိတ်အချက်အလက်များကိုဆွေးနွေးရန်အသင့်ရှိပါ။

## အီလက်ထရွန်နစ်သတင်းစကားနှင့်ပေးပို့သောခြိမ်းခြောက်မှု

**အီလက်ထရွန်နစ်မက်ဆေ့ချ်ခြိမ်းခြောက်မှုသည်တိုက်ရိုက်စာတိုပေးပို့ခြင်း၊ အီးမေးလ်သို့မဟုတ်လူမှုမီဒီယာမှတစ်ဆင့်ရရှိသည့်ခြိမ်းခြောက်မှုဖြစ်သည်။ လက်ခံရရှိသူကမလိုက်နာပါက၊ ခြိမ်းခြောက်မှုများတွင်အကျပ်ကိုင်မှုသို့မဟုတ်ဆိုးရွားသောအကျိုးဆက်များပါဝင်လာနိုင်သည်။**

- အမည်မသိပေးပို့သူများထံမှလာသောအီလက်ထရွန်နစ်မက်ဆေ့ချ် သို့မဟုတ်ပူးတွဲပါဖိုင်များကိုမဖွင့်ပါနှင့်။
- ရှယ်မီဒီယာပေါ်တွင်အမည်မသိသို့မဟုတ်တောင်းဆိုခြင်းမပြုထားသောပုဂ္ဂိုလ်များနှင့်မဆက်သွယ်ပနှင့်
- သင်၏လုံခြုံရေးဆက်တင်(settings)များကိုအမြင့်ဆုံးကာကွယ်ရေးအဆင့်အဖြစ်သတ်မှတ်ထားကြောင်းသေချာပါစေ။

**အီလက်ထရွန်နစ်ခြိမ်းခြောက်မှုကိုရရှိပါက-**

- စာ၊ မက်ဆေ့ချ်ကိုမဖျက်ပါနှင့်။ အရေးကြီးသောအသေးစိတ်အချက်အလက်များကိုမှုခင်းစစ်ဆေးချက်တွင်ဖော်ထုတ်နိုင်သည်။
- ကွန်ပြူတာပေါ်တွင်မက်ဆေ့ချ်ကိုဖွင့်ပြီးထားပါ။
- ဥပဒေဆိုင်ရအဖွဲ့အစည်းအားချက်ချင်းအသိပေးပါ။
- ပုံနှိပ်ခြင်း၊ဓာတ်ပုံများရိုက်ကူးခြင်း၊သို့မဟုတ်မက်ဆေ့ချ်၊ အကြောင်းအရာခေါင်းစီး၊ ရက်စွဲ၊ နှင့်အချိန်တို့ကိုကူးယူပါ။
- အီလက်ထရွန်နစ်အထောက်အထားအားလုံးကိုထိန်းသိမ်းထားပါ။

## ဆိုက်ဘာတိုက်ခိုက်မှု

**ဆိုက်ဘာတိုက်ခိုက်မှုသည်သင်၏အီလက်ထရွန်းစက်ပစ္စည်းကိုထိခိုက်စေနိုင်ပြီးကိုယ်ရေးကိုယ်တာအချက်အလက်များကိုဖော်ထုတ်စေနိုင်သည်**

- ခိုင်လုံသောစကားဝှက်များကိုအသုံးပြုပြီးတူညီသောစကားဝှက်များကိုကွန်ယက်ဆိုက်များစွာအတွက်မသုံးပါနှင့်။
- Anti-virus နှင့် anti-malware အပလီကေးရှင်းများအလိုအလျောက်အပ်ဒိတ်လုပ်ရန်သတ်မှတ်ထားပါ။
- စစ္စတန်နှင့်ဆော့ဖ်ဝဲအပ်ဒိတ်များ ရှိလာသည်နှင့်တပြိုင်နက်အသုံးပြုပါ။
- စစ်မှန်ကြောင်းသက်သေအထောက်အထားနှစ်မျိုးထားပြီးသုံးပါ။
- ဒေတာများကိုအရန်အတွက်ပုံမှန်ကူးယူထားပါ။

**သင်ဆိုက်ဘာတိုက်ခိုက်မှု ခံရသူဟု သံသယရှိခဲ့သော်-**

- သင့်ကွန်ပြူတာစစ္စတန်ကိုဖျက်ခြင်း၊ပြုပြင်ခြင်းမလုပ်ပါနှင့်။
- သင့်အကောင့်များတွင်ကိုယ်ပိုင်အထောက်အထားခိုးယူခြင်းမှကာကွယ်ရန်သင့်ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများထံချက်ချင်းဆက်သွယ်ပါ။
- စကားဝှက်များကိုပြောင်းလဲပြီးသံသယဖြစ်ဖွယ်လုပ်ဆောင်ချက်အတွက်အကောင့်များကိုစောင့်ကြည့်စစ်ဆေးပါ။

***သင့်အသက်အန္တရာယ်ကျရောက်အံ့ဆဲအချိန်မှာ၊ ၉၁၁ ကိုခေါ်ပါ။***

*သင်သည် ခြိမ်းခြောက်မှုတစ်စုံတစ်ရာကြုံတွေ့ရပါက၊ သင့်ဒေသခံ FBI ကွင်းဆင်းရုံး (* [www.fbi.gov](http://www.fbi.gov) *စာရင်းရှိ)ဆက်သွယ်၊ သို့မဟုတ် 1-800-CALLFBI (or 1-800-225-5324) ကိုလည်းကောင်း ခေါ်ဆိုနိုင်ပြီး၊* [www.fbi.gov/tips](http://www.fbi.gov/tips)*. မှတစ်ဆင့်လည်းဆက်သွယ်နိုင်သည်။*

***FBI သို့အကြောင်းအချက်အလက်များကိုလျှို့ဝှက်စွာတိုင်ကြားလိုပါက ဖုန်းသို့မဟုတ်အော်န်လိုင်းမှတဆင့်ပြုလုပ်နိုင်ပါသည်။***

အမေရိကန်တရားရေးဌာန
ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို (FBI)

# ခြိမ်းခြောက်မှုနှင့်ချောက်လှန့်မှုဆိုင်ရာ တုံ့ပြန်မှုလမ်းညွှန်

## ခြိမ်းခြောက်မှုသို့မဟုတ် ချောက်လှန့်မှုများကြုံလာပါက ကျွန်ုပ်မည်သူကိုဆက်သွယ်ရမည်နည်း- ဒေသခံရဲသို့မဟုတ် FBI လား။

- သင်သို့မဟုတ်အခြားသူများအား ကိုယ်ထိလက်ရောက်ထိခိုက်စေမည့်အန္တရာယ်ကျရောက်ပါက၊ ဒေသခံရဲ ၉၁၁ ကိုဖုန်းခေါ်ဆိုပါ။
- သင်သည်ဖယ်ဒရယ်ရာဇဝတ်မှုနှင့်သက်သက်ဆိုင်သောခြိမ်းခြောက်မှုတစ်စုံတစ်ရာကြုံတွေ့ရပါက၊ သင့်ပြည်တွင်း FBI ကွင်းဆင်းရုံး (www.fbi.gov) စာရင်းရှိ) 1800-CALLFBI (or 1800-225-5324 ကိုလည်းကောင်း ခေါ်ဆိုနိုင်ပြီး၊ သို့မဟုတ် www.fbi.gov/tips. မှတစ်ဆင့်လည်းဆက်သွယ်နိုင်သည်။ ဥပမာများမှာ နိုင်ငံခြားအစိုးရ၏ကိုယ်စားလှယ်တစ်ဦးဦးဖြစ်စေ၊ ရာဇဝတ်ဆိုင်ရာအဖွဲ့အစည်းမှဖြစ် စေ သို့မဟုတ် အစိုးရအရာရှိတစ်ဦးဦးထံမှဖြစ်စေ စသည့်ခြိမ်းခြောက်မှုတို့ပါဝင်သည်။ သင့်တိုင်ကြားချက်ကိုအမည်ဖော်မည်မဟုတ်ပါ။
- ဖြစ်ရပ်များအားလုံး FBI ၏စုံစမ်းစစ်ဆေးရေးအမှုအဆင့်နှင့်ကိုက်ညီမှုရှိမည်မဟုတ်။ အကယ်၍ သင်သည် ဖယ်ဒရယ်ရာဇဝတ်မှု အဆင့်သတ်မှတ်ချက်များနှင့်မကိုက်ညီသောဖြစ်ရပ်၏ ပြစ်မှုကျူးလွန်ခံရသူတစ်ဦးဖြစ်လျှင်သင်၏ဒေသခံရဲစခန်းသို့တိုင်ကြားရန်လိုအပ်မည်။ သံသယဖြစ်ဖွယ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာမှာဒေသန္တရနှင့်ပြည်နယ်တရားစီရင်ပိုင်ခွင့်များတွင် ကွာခြားသောသတ်မှတ်ချက်စံနှုန်းများရှိသည်။

## FBI နှင့်မေးမြန်းခန်း၊ အင်တာဗျူးတွင်ကျွန်ုပ်ဘာသိထားရမည်နည်း။

- FBI ၏ကွင်းဆင်းရုံးသို့မဟုတ်အခြားနေရာတစ်ရပ်ရပ်၌သင်အားတွေ့ဆုံနိုင်သည်။
- FBI ကသင့်အားသင်ကြုံတွေ့ခဲ့ရသည့်ခြိမ်းခြောက်မှုအသေးစိတ် အချက်အလက်များနှင့်ကျူးလွန်သူ၏အကြောင်းအရာများကိုတတ်နိုင်သမျှတင်ပြရန်မေးမြန်းမည်။
- FBI ကနောက်ဆက်တွဲလိုအပ်ပါကသင်အားဆက်သွယ်ရန်အချက်အလက်များကိုတောင်းဆိုလိမ့်မည်။
- FBI သည်သင်၏အတွင်းရေးဆိုင်ရာနှင့်ကိုယ်ပိုင်အထောက်အထားများကိုကာကွယ်ရန်ကြိုးပမ်းမည်။
- သင့်လျော်လျှင်၊ သတင်းအချက်အလက်ယူရန်နှင့်ပံ့ပိုးကူညီမှုပေးရန်ကျူးလွန်ခံရသူဆိုင်ရာအထူးကျွမ်းကျင်သူ FBI တစ်ဦး လူတွေ့စစ်ဆေးစဉ်အတွင်းတွင်သင်နှင့်အတူရှိနေနိုင်ခြင်းသို့မဟုတ်သင့်အားစာနှင့်ဖြစ်စေ ဖုန်းနှင့်ဖြစ်စေအင်တာဗျူးပြီးသည့်နောက်ပိုင်းငင်းတို့ဆက်သွယ်လာနိုင်သည်။

## တိုင်ကြားချက်တစ်ခုအားစုံစမ်းစစ်ဆေးရန် နှင့်/သို့မဟုတ်စုံစမ်းစစ်ဆေးမှုတစ်ခုခုအားစတင်ရန် FBI ကမည်သည့်သတ်မှတ်ချက်များသည်နည်း။

- FBI သည်အမေရိကန်ဖယ်ဒရယ်ဥပဒေအားချိုးဖောက်သည့်ခြိမ်းခြောက်မှုများနှင့်သက်ဆိုင်ရာပုဂ္ဂိုလ်အားပေါ်လွင်သည့်ထိခိုက်မှုသို့မဟုတ်အန္တရာယ်ဖြစ်စေနိုင်သည်တို့စုံစမ်းစစ်ဆေး နိုင်သည်။
- ခြိမ်းခြောက်မှုဆိုင်ရာစွဲဆိုချက်များအတွက်တစ်ဦးဦးကိုအမေရိကန်အစိုးရ စွဲချက်တင်နိုင်ရန်မှာအချက်အလက်များစွာအပေါ်တွင်မူတည်ပြီး၊ ၎င်းတို့မှာ- ယင်းအထောက်အထားနှင့်ကိုက်ညီသောစံချိန်စံညွှန်း၊ ယင်း ကျူးလွန်မှုနှင့်ဆိုင်သေသူများကိုဖော်တုတ်နိုင်စွမ်းရှိမရှိ၊ ပူးပေါင်းကြံစည်မှုကိုဖော်ထုတ်ခြင်းနှင့်/သို့မဟုတ်ကျူးလွန်သူများကိုဖမ်းဆီးနိုင်မှုများဖြစ်သည်။

## FBI ကစုံစမ်းစစ်ဆေးမှုစတင်ဆောင်ရွက်ပါကကျွန်ုပ်မည်သည့်အရာများသိထားရန်လိုအပ်သည်နည်း။

- အကယ်၍ FBI ကဖယ်ဒရယ်ပြစ်မှုကျူးလွန်သည်ဟုယုံကြည်ပါက၊ စုံစမ်းစစ်ဆေးခြင်းကို FBI တစ်ဦးသို့မဟုတ်တစ်ဦးမကလုပ်ဆောင်မည်ဖြစ်သည်။ စုံစမ်းစစ်ဆေးရေး၏တစ်စိတ်တစ်ပိုင်းအဖြစ်၊ အထောက်အထားများကိုအထူးကိုယ်စားလှယ်များကစုဆောင်းမည်ဖြစ်ပြီး၊ ယင်းသို့ပြုလုပ်ရာတွင် သင်နှင့်အခြားသောကျူးလွန်ခံရသူများအားလူတွေ့မေးမြန်းခြင်းတို့ပါဝင်နိုင်သည်။
- ဗဟိုဂျူရီလူကြီးများရှေ့တွင်သင့်အတွေ့အကြုံကိုဖော်ပြရန်သင့်အားတောင်းဆိုနိုင်သည်။
- စေ့စပ်သေချာသောစုံစမ်းစစ်ဆေးမှုကိုအပြည့်အစုံပြုလုပ်မည်။ ယင်းစစ်ဆေးမှုအပြီး သတ်ရန်အချိန်ကြာမြင့်နိုင်ပြီး၊ တစ်နေ့ချင်းဖြစ်ရပ်များတိုးတက်မှုအပေါ်တွင်သင်အားနေ့စဉ်ရှင်းလင်းဖော်ပြမည်မဟုတ်ပါ။ စုံစမ်းစစ်ဆေးမှုတစ်ခုတွင်အဓိကကျသောဖြစ်ရပ်များဖြစ်သော၊ ဖမ်းဆီးခြင်းသို့မဟုတ်ဆွဲချက်တင်ခြင်းကဲ့သို့သောအကြောင်းတို့ကိုသင့်အားအသိပေးရန်ကြိုးပမ်းမှုတိုင်းကိုပြုလုပ်ပါမည်။ FBI သည် ဖြစ်နိုင်သည့်အချိန်တွင်၊ ထိုကဲ့သို့သောအချက်အလက်များကိုအများပြည်သူထံသို့မထုတ်ပြန်မီသင့်အား အသိပေးရန်ကတိပြုပါသည်။ သို့သော်၊ FBI ဖက်မှလည်းစုံစမ်းစစ်ဆေးမှုကိုထိခိုက်နိုင်စေမည့် အရေးကြီးအချက်အလက်များကိုထုတ်ဖော်ခြင်းမပြုရန်နှင့်တရားဥပဒေစိုးမိုးရေးကိုအန္တရာယ်တိုးစေမည့်အကြောင်းကို သတိထားရှိရမည်။
- ကျူးလွန်ခံရသူဆိုင်ရာအထူးကျွမ်းကျင်သူ FBI မှဖော်ပြပါခါးစာခံများကိုပံ့ပိုးမှု၊ သတင်းအချက်အလက်နှင့် လိုအပ်မည့်မည်သည့်ဒေသန္တရအရင်းအမြစ်စသည်တို့အတွက်လမ်းညွှန်မှုများ ဆောင်ရွက်ပေးနိုင်မည်။

***သင်မည်ကဲ့သို့ခြိမ်းခြောက်ခံရခြင်းသို့မဟုတ်ခြိမ်းခြောက်ခံရခြင်းဆိုင်ရာအသေးစိတ်အချက်အလက်များကိုသတင်းပို့ခဲ့သော်လည်းစုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်သည်မဟုတ်ကြောင်းနှင့်၊ ၎င်းသည်အခြားသောကျူးလွန်ခံရသူများအတွက်ခြိမ်းခြောက်မှုခြေရာခံလိုက်ခြင်းနှင့်လုပ်ကျင့်များကိုဖော်ထုပ်ခြင်းတို့ဖြင့် FBI အားကူညီပေးနိုင်ဖွယ်ရှိသည်။***

*မြို့နှင့်ပြည်နယ်မှပေးထားသော FBI ကွင်းဆင်းရုံးကိုဆက်သွယ်ရန် (ရုံးစာရင်းများ) WWW.FBI.GOV. တွင်တွေ့ရှိနိုင်သည်။ သင်အသက်အန္တရာယ်ကျရောက်အုံဆဲအချိန်မှာ ၉၁၁ ကိုခေါ်ပါ။*